| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ထုတ်ဝေသူရဲ့ အမှာ | (က) |
| ၂။ | ဒီစာအုပ်ရေးရတဲ့ အကြောင်းက | ၁ |
| ၃။ | ရွှေမန်းတင်မောင် | ၉ |
| ၄။ | ကြိုးစားပုံ | ၁၂ |
| ၅။ | ကိုတင်မောင့်အက | ၃၇ |
| ၆။ | ကိုတင်မောင့်အသံ | ၄၈ |
| ၇။ | အပြောမင်းသား ကိုတင်မောင် | ၅၇ |
| ၈။ | ကိုတင်မောင်တွဲသွားတဲ့ ဆိုင်းတွေ | ၇၀ |
| ၉။ | တွဲကသွားတဲ့ မင်းသမီးတွေ | ၁၀၁ |
| ၁၀။ | မင်းသားကြီး | ၁၆၃ |
| ၁၁။ | လူရွှင်တော် | ၁၈၂ |
| ၁၂။ | အပျိုတော် | ၂၀၄ |
| ၁၃။ | ဇာတ်စာရေးဆရာများ | ၂၁၂ |
| ၁၄။ | ဇာတ်သမားဆိုတာ | ၂၃၇ |
| ၁၅။ | အယူသည်းမှုကလေးတွေ | ၂၇၀ |



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | ကိုတင်မောင်ရဲ့ စည်းရုံးရေး | ၂၇၅ |
| ၁၇။ | ညဝက်စနစ် သဘင်သစ် | ၂၉၂ |
| ၁၈။ | ဓာတ်ပြား | ၃၀၆ |
| ၁၉။ | သူ့ဘဝ | ၃၁၀ |
| ၂၀။ | ကိုတင်မောင်နဲ့ ရုပ်ရှင် | ၃၅၂ |
| ၂၁။ | ဗိုလ်ဆံတောက်ဖြတ်တဲ့ ကိုတင်မောင် | ၃၆၄ |
| ၂၂။ | သူ့ကျန်းမာရေး | ၃၉၃ |
| ၂၃။ | စာရေးဆရာ ရွှေမန်းတင်မောင် | ၄၂၈ |
| ၂၄။ | ဒီစာအုပ်မရေးခင် ကျွန်မတွေ့ဆုံမေးမြန်းသူများကတော့ | ၄၆၄ |
| ၂၅။ | လူအမည်အက္ခရာစဉ်အညွှန်း | ၄၆၇ |


*    *    *

# ထုတ်ဝေသူရဲ့အမှာ

တစ်ချိန်က သဘင့်တက္ကသိုလ်လို့ မြန်မာပြည်တစ်လွှားထင်ရှားကျော်ကြားခဲ့တဲ့ မန္တလေးမြို့ကြီးမှာ ယနေ့ (၂၀၁၇) ခုနှစ်ထိ မှတ်ပုံတင်ထားတဲ့ ဇာတ်အဖွဲ့ပေါင်း (၅၀) ကျော် ရှိပေမဲ့ အငြိမ့်အဖွဲ့ (၄) ဖွဲ့လောက်သာ ခပ်ယဲ့ယဲ့ ရှိပါတော့တယ်။ ဇာတ်သဘင်တွေ အရေအတွက် ခါတိုင်းနဲ့မတူ တစ်မူထူးခြားများပြားလာပေမဲ့ အရည်အသွေးအရတော့ သုညလောက်နီးပါးပါပဲလို့ ဝါရင့်ဇာတ်သဘင် ပညာရှင်ကြီးတစ်ယောက်က မှတ်ချက်ချခဲ့ဖူးပါတယ်။

ဇာတ်ဆိုရင် ရုံဇာတ် (ရုံသွင်းဇာတ်)၊ ဗလာဇာတ်လို့ နှစ်မျိုးရှိရာမှာ ရုံဇာတ်ကတော့ တစ်ချိန်တစ်ခါက မြန်မာ့ဇာတ်သဘင်လောကမှာ နာမည်ကြီးထင်ရှားကျော်ကြားခဲ့တဲ့ မင်းသားကြီးများရဲ့ သားသမီး မြေးမြစ်များက တည်ထောင်ခဲ့တဲ့ ဇာတ်အဖွဲ့များလောက်သာရှိပါတော့တယ်။ အရေအတွက်အားဖြင့်ဆိုရင် ဗလာဇာတ်နဲ့ မယှဉ်သာအောင် နည်းပါးလှပါတယ်။ ဗလာဇာတ်ဆိုသော်လည်း တချို့နာမည်ရဇာတ်အဖွဲ့များကတော့ ပွဲကြည့်စင်များကို ဇာတ်အဖွဲ့များက ရောင်းတာမျိုးလည်း ရှိဟန်သလောက်ရှိပါတယ်။ အများစုကတော့ ဓမ္မာရုံဂေါပကအဖွဲ့မှမဟုတ် ပွဲကံထရိုက်များက ရောင်းချကြတယ်။ ဒါလည်းများသောအားဖြင့် မြို့ကြီးပြကြီးတွေမှာသာလုပ်နိုင်တာပါ။ ကျေးလက်မှာတော့ ဗလာပွဲပဲ ကကြရတယ်။

စင်ရောင်းသူတချို့က သူတို့ရောင်းထားတဲ့ စင်တွေဖျာတွေကို တန်ဖိုးရှိအောင် ဇာတ်တစ်ခုလုံးကို အလုံကာပြီး စင်ဝယ်သူမှ ကြည့်နိုင်အောင်ပိတ်ပစ်လိုက်ပါတယ်။ ဒီတော့ ဗလာပွဲရဲ့ အနှစ်သာရ ပျောက်သွားပြီပေါ့၊ စင်တွေမှာလည်း မင်းသားက ပရိသတ်ထဲဝင်နိုင်အောင် လျှောက်လမ်းဆိုတာ လုပ်ထားပါတယ်။ (လျှောက်လမ်းဆိုတာ ပရိသတ်အလယ်မှာ ထိုးထားတဲ့ စင်ပါ။) မင်းသားက မိုက်ကိုကိုင်ရင်း လျှောက်လမ်းစင်ကနေ ပရိသတ်ထဲ လျှောက်ကပါတယ်။ အဲဒီအချိန်မှာ မင်းသားကို မြတ်နိုးသူများက ပန်းကြဲစင်ပေါ်ကနေ ပန်းတွေကြဲကြ၊ ချိုချဉ်တွေ ချောကလက်တွေနဲ့ ပစ်ကြ၊ တချို့ကလည်း မင်းသားရဲ့ ပန်းကုံးမှာ ငါးထောင်တန် တစ်သောင်းတန်တွေ ချိတ်ဆွဲကြပေါ့ (ပန်းကြဲစင် တစ်စင်ရဲ့ တန်ဖိုးဟာ ကာလတန်ကြေး သုံးသောင်းလောက်ရှိတယ်လို့ သိရပါတယ်။)

ဇာတ်သဘင်တွေမှာလည်း ရွှေမန်းတင်မောင်တို့ခေတ်ကလို အော်ပရာ၊ ပြဇာတ်၊ နှစ်ပါးခွင်၊ နောက်ပိုင်းဇာတ်ဆိုတဲ့ သမားစဉ်တွေ ကွယ်ပျောက်



သလောက်ဖြစ်နေပါပြီ။ ဇာတ်လို့အမည်တပ်လို့ရအောင် နှစ်ပါးခွင်ကို မည်ကာမတ္တ ခပ်ပါးပါးပဲထည့်လာကြပါတော့တယ်။ ဇာတ်တစ်ခုလုံး လွှမ်းမိုးနေတာကတော့ ကာရာအိုကေလို့ခေါ်တဲ့ ခေတ်ပေါ်သီချင်းတွေကို တစ်ပုဒ်ပြီး တစ်ပုဒ် အချိန်ကုန် အချိန်ခန်းအောင် ဆိုနေကြတာပဲ။ တချို့ကလည်း ပွဲငှားသူကျေနပ်အောင် သူတို့ထဲက တစ်ယောက်နှစ်ယောက်ကို စင်ပေါ်တင်ဆိုခိုင်းလိုက်တာပါပဲ။ တချို့ဇာတ်တွေများဆိုရင် ရန်ကုန်က နာမည်ကျော် ခေတ်ပေါ်အဆိုတော်တွေ ငှားဆိုခိုင်းတာမျိုးလုပ်တတ်ကြတယ်။ တချို့ဇာတ်တွေဆိုရင် မြန်မာ့ယဉ်ကျေးမှုနဲ့ ဖီလာဆန့်ကျင်တဲ့ အဝတ်အစားတွေနဲ့ အဖော်အချွတ်အကတွေ တင်ဆက်ပြီး ပရိသတ်ကို မြှူဆွယ်ကြတယ်။

ယနေ့ဇာတ်သဘင်ရဲ့ အရည်အသွေးတွေ ဖောက်ထိုးမိုးမျှော်ကျဆင်းနေပေမဲ့ ရုပ်ဝတ္ထုပစ္စည်းဘက်ကတော့ အရမ်းကာရော တိုးတက်လာပါတယ်။ အရင်ကလို နန်းကား၊ တောကား၊ မြို့ကားစတဲ့ ကားလိပ်ခေတ် ကုန်သွားပါပြီ။ လိုချင်တဲ့ နောက်ခံကားတွေကို LED ဆလိုက်မီးများနဲ့ ထိုးလိုက်ရုံပါပဲ။ ယခင်က အနုပညာဖန်တီးမှုများဖြစ်တဲ့ ဇာတ်ပန်းချီဆိုတဲ့ ပညာတစ်ရပ်ကွယ်ပျောက်သလောက်ဖြစ်သွားပါပြီ။ အသံဘက်မှာဆိုရင်လည်း အရင်ကလိုသစ်ပင်မြင့်မြင့်မှာ လော်စပီကာတက်ချိတ်စရာ မလိုဘဲ ဇာတ်ခုံပေါ်တင်ထားတဲ့ ဆောင်းဘောက်တွေနဲ့ပဲ ခုနစ်ရွာကြား ရှစ်ရွာကြား ဟစ်နိုင်ပါတယ်။ ဆောင်းဘောက်ကြီးတွေက ကောင်းလွန်းတော့ ဇာတ်အဖွဲ့အနီးက အဆောက်အဦးကြီးများတောင် တုန်ခါရတဲ့ ထိပါပဲ။ အနီးကပ် နားထောင်နေတဲ့ ပရိသတ်ဆိုရင်တော့ နားစည်တွေများ ကွဲကုန်မလားပဲ။ ဇာတ်သဘင် အချင်းချင်းလည်း ပညာချင်းယှဉ်ရမယ့်အစား ပစ္စည်းချင်းပဲပြိုင်နေကြတာများပါတယ်။

ယခုထုတ်ဝေလိုက်တဲ့ လူထုဒေါ်အမာရဲ့ ရွှေမန်းတင်မောင်ကို ဖတ်ကြည့်လိုက်ရင်တော့ ဇာတ်သဘင်အစစ်ဆိုတာ ဘာလဲဆိုတာ သိကြရမှာပါ။ ရွှေမန်းတင်မောင်ခေတ်ကို သိမီလိုက်တဲ့ လူများအဖို့ (အငယ်ဆုံးတောင် အသက်ခြောက်ဆယ်တန်း) လောက်ရောက်နေပါပြီ ခုခေတ်ဇာတ်သဘင်တွေကို ကြည့်ပြီး နှာခေါင်းရှုံ့ကြမှာပါ။ ရွှေမန်းတင်မောင်ရဲ့ ထိလှမိလှတဲ့အပြော၊ အသည်းညိစေမယ့် အဆို၊ ဇာတ်စာရေးဆရာများရဲ့ မှတ်သားလောက်တဲ့ စာသားတွေက မရှိသလောက်ရှားပါးသွားပါပြီ။ ဒါ့ကြောင့် ယနေ့ခေတ် ဇာတ်သဘင်အစစ်ကို ငတ်မွတ်နေသူအတွက် ဇာတ်သဘင်ဆိုတာ ဒါပဲလို့ သမားစဉ်ကို ချပြလိုက်တဲ့အနေနဲ့ ၁၉၇၀ ခုနှစ်က ထုတ်ဝေခဲ့တဲ့ ရွှေမန်းတင်မောင်ကို ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေလိုက်ရပါပြီ။

*မြန်မာ့ဇာတ်သဘင်ပညာ အဆင့်မြင့်မားရေးကို မျှော်မှန်းလျက်။*

ထုတ်ဝေသူ